
Translator - Sunlight Team
တာအိုဘုရှင်သခင်မနှစ်
အခန်း - ၃၀

# အခန်း ၂၉၁

*

သေမင်းလောက်ကောင်က နှာခေါင်းတစ်ချက် ရှုံ့လိုက်ရင်း "ပြိုင်ဘက်တစ်ယောက်ကို ငါတို့ ဘာလို့ သတ်လို့မရရမှာလဲ။ သူက သစ်သား အနှစ်ကို လိုချင်နေတာဆိုတော့ သေချာပေါက် ပြန်လာဦးမှာပဲ။ ဒီနယ်မြေမှာ ထူးဆန်းတဲ့ သစ်ပင်ဘုရင်သုံးပင်ပဲ ရှိတာ။ တခြားသစ်ပင် ဘုရင်တစ်ပင်ကတော့ နတ်ဘုရားဖြစ်ခြင်း အခမ်းအနားကို အောင်မြင်စွာ အဆုံးသတ်ပြီး သစ်သားအနှစ်ကို ဝါးမြိုသွားပြီ။ ဒါကြောင့် သူခိုးက မင်းရဲ့ သစ်သားအနှစ်ကိုပဲ လာခိုးလို့ ရ

တော့မယ်"

"မင်းနဲ့ငါ ပူးပေါင်းပြီး... သူ့ကို ဝိုင်းညှပ်သတ်ကြတာပေ့ါ"

သစ်ပင်မိစ္ဆာသည် အားရပါးရ ရယ်မောလိုက်ပြီး "ကောင်းပြီ ကောင်းပြီ အကြံကောင်းပဲ"

သူတို့နှစ်ဦးသည် မည်သည့်အရာကိုမျှ ထည့်တွက်မနေဘဲ တိုးတိုးတိတ်တိတ် ပူးပေါင်းကြံစည်နေကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့မှာ နတ်ဘုရားအဆင့်သတ္တဝါများဖြစ်ကြသဖြင့် ပတ်ဝန်းကျင်ကို ကောင်းစွာ အာရုံခံနိုင်သောကြောင့်ပင်။

တစ်စုံတစ်ယောက်ကသာ ချောင်းမြောင်းနားထောင်နေပါက သူတို့ ချက်ချင်း သိရှိသွားပေလိမ့်မည်။

မည်သူကမျှ နတ်ဘုရားအဆင့်သတ္တဝါနှစ်ကောင်၏ စကားကို ချောင်းနားထောင်ရဲ

လောက်အောင် သတ္တိမရှိပေ။

အခြားသော နတ်ဘုရားအဆင့် ဝိညာဉ်သလင်းကျောက်သားရဲတစ်ကောင်ဖြစ်လျှင်မူ တစ်မျိုးပေ။

...

လက်တွေ့တွင်မူ သေမင်းလောက်ကောင်နှင့် သစ်ပင်မိစ္ဆာတို့၏ ရဲတင်းမှုမှာ မှားယွင်းခြင်း မရှိပေ။

ရှီရန်မှာမူ အဝေးသို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပြီ ဖြစ်သည်။

"တောက်... ဘာလို့ နတ်ဘုရားအဆင့်သတ္တဝါတစ်ကောင်က ရုတ်တရက်ကြီး ပေါ်လာတာလဲ ဒါက ကပ်ဘေးအဆင့် ညစ်ညမ်းဇုန်ရဲ့ အစပ်နားလေးပဲ ရှိသေးတာကိုတောင် ကျောချမ်းစရာကောင်းလိုက်တာ"

ရှီရန်သည် ညစ်ညမ်းနေသော လေထုကို ဝ

ဝလင်လင် ရှုထုတ်လိုက်မိသည်။

ခုနက အခြေအနေမှာ အမှန်တကယ်ပင် အသက်ဘေးနှင့် နီးကပ်ခဲ့ခြင်းပင်။

တကယ်တမ်းတွင် ထိုသို့သော အရှိန်နှုန်းဖြင့် နောက်သို့ပင် လှည့်မကြည့်ဘဲ ထွက်ပြေးခဲ့ခြင်းမှာ မှန်ကန်သည်။ တစ်စက္ကန့်မျှ နောက်ကျသွားရုံနှင့် ပိတ်မိသွားနိုင်သလို ပြင်းထန်စွာ ဒဏ်ရာရရှိခြင်း သို့မဟုတ် သေဆုံးခြင်းနှင့်ပင် ရင်ဆိုင်ရနိုင်သောကြောင့်ပင်။ ထိုသို့ဖြစ်လာပါက သွေးဆာနေသော မသေနိုင်သည့်အရိုး၏ စွမ်းပကားကို အတင်းအကျပ် အသုံးပြုရမည်ဖြစ်ပြီး ထိုအတတ်ဖြင့် အချိန်အကြာကြီး တိုက်ခိုက်နေပါက အနီးအနားရှိ အခြားသော နတ်ဘုရားအဆင့် သတ္တဝါများ၏ စူးစမ်းချောင်းမြောင်းမှုကိုပါ ဆွဲဆောင်မိသွားနိုင်သည်။

၎င်းမှာ အလွန်ပင် အန္တရာယ်များလှ၏။

သူ၏ ဘေးကင်းလုံခြုံမှုကို ထိန်းချုပ်၍မရသော အခြေအနေမျိုးထဲသို့ ပစ်ထည့်လိုက်ခြင်းမျိုးကိုမူ ရှီရန်အနေဖြင့် အဖြစ်မခံနိုင်ပေ။

အကယ်၍ ထိုအခြေအနေကို မြန်မြန်ဆန်ဆန် ဖြေရှင်းလိုပါက သူ၏ နောက်ဆုံးလက်နက်

ဖြစ်သော ချက်ချင်းဖျက်ဆီးခြင်းကို ထုတ်သုံးရပေလိမ့်မည်။

ကံကောင်းထောက်မစွာဖြင့် သူ၏ တုံ့ပြန်မှုမှာ လျင်မြန်ခဲ့၍သာ သူ လွတ်မြောက်ခဲ့ခြင်းပင်။

"တကယ်ကို အသက်နဲ့အမျှပဲ အဲဒီ နတ်ဘုရား အဆင့် မိစ္ဆာကြီးရဲ့ သွေးစွမ်းအင်က သန်း ၃၀ လောက်တောင် ရှိနိုင်တယ်။ ဒါက ဘယ်လိုမျိုး နတ်ဘုရားအဆင့်လဲ"

ရှီရန်မှာ မောဟိုက်စွာဖြင့် အသက်ကို တရစပ် ရှူနေရသည်။

"ဒါက ကပ်ဘေးအဆင့် ညစ်ညမ်းဇုန်ရဲ့ အစွမ်း

ပဲလား။ တကယ့် ကပ်ဘေးအဆင့် ညစ်ညမ်းဇုန်ရဲ့ အလယ်ဗဟိုကိုတောင် မရောက်သေးဘူး။ ဒီလောက် အန္တရာယ်ကြီးတာကို... အထဲကိုသာ တကယ်ဝင်သွားရင် ပိုပြီး ကြောက်စရာကောင်းမှာ သေချာတယ်"

"ဒါကြောင့်လည်း အဖွဲ့ဝင် ခုနစ်ယောက်နဲ့ အသင်းဖွဲ့ပြီးမှ ဝင်ကြတာကိုး"

ကပ်ဘေးအဆင့် ညစ်ညမ်းဇုန်အတွင်းသို့ ဝင်ရောက်ကြသော နတ်ဘုရားသတ်တပ်ဖွဲ့များသည် ပုံမှန်အားဖြင့် သွေးစွမ်းအင် ၈ သန်းအထက် ရှိကြသူများဖြစ်ပြီး ခုခံကာကွယ်မှုအကာအကွယ်များနှင့် စွမ်းအားမြှင့်တင်မှုများအပြင် ခုနစ်ယောက်တစ်တွဲ ပူးပေါင်းတိုက်ခိုက်မှသာ သွေးစွမ်းအင် သန်းနှင့်ချီရှိသော နတ်ဘုရားအဆင့် မိစ္ဆာများကြားတွင် ရှင်သန်နိုင်ကြခြင်းပင်။

သို့သော်လည်း သွေးစွမ်းအင် သန်း ၃၀ ရှိသော နတ်ဘုရားအဆင့် မိစ္ဆာမျိုးမှာ အလွန်ပင် ရှားပါးလိမ့်မည်ဟု ရှီရန် ခန့်မှန်းမိသည်။ သူ့အနေဖြင့်မူ တကယ့်ကို ကံဆိုးသွားခြင်းပင်။

နတ်ဘုရားအဆင့် မိစ္ဆာအများစု၏ သွေးစွမ်းအင်တန်ဖိုးမှာ သန်းနှစ်ဆယ်အောက်တွင်သာ ရှိတတ်ကြသည်။ အကယ်၍ နတ်ဘုရားသတ်တပ်ဖွဲ့ကို ဝိုင်းဝန်းညှပ်ပိတ် တိုက်ခိုက်ခြင်းမျိုး မဟုတ်ပါက ထိုတပ်ဖွဲ့များသည် လွတ်မြောက်အောင် ထွက်ပြေးနိုင်စွမ်း ရှိကြသည်။ တကယ်တော့ ရှီရန်၏ ခန့်မှန်းချက်မှာ မှန်ကန်နေသည်။ သူ ယခုပင် တိုးမိခဲ့သည်မှာ ဤနယ်မြေတစ်ခုလုံးတွင်ရှိသော တစ်ကောင်တည်းသော အဆင့်မြင့်နတ်ဘုရား ဖြစ်ပြီး အဆင့်နိမ့်နတ်ဘုရားများထက် အဆပေါင်းများစွာ ပိုမိုအစွမ်းထက်သူ ဖြစ်သည်။

သူ ဖန်တီးခဲ့သော ဆူပူလှုပ်ရှားမှုများမှာလည်း မသေးလှပေ။ ထူးဆန်းသော ဧရာမသစ်ပင်ကြီး တစ်သောင်းခန့်နှင့် အဆိုပါ အဖိုးတန် အရင်းအမြစ်များအားလုံး ခြောက်သွေ့ပျက်စီး သွားခြင်းကို အဆင့်မြင့်နတ်ဘုရားတစ်ပါး အနေဖြင့် ငြိမ်ခံနေမည် မဟုတ်ပေ။

"အဲဒီဧရိယာက နတ်ဘုရားအဆင့် မိစ္ဆာရဲ့ နယ်မြေဖြစ်ရမယ်"

ညစ်ညမ်းဧရိယာအတွင်းရှိ သတ္တဝါများသည် နယ်မြေပိုင်းခြား သတ်မှတ်ထားတတ်ကြပြီး အထူးသဖြင့် နတ်ဘုရားအဆင့် သတ္တဝါများ၏ နယ်မြေစိုးမိုးလိုစိတ်မှာ ပိုမိုပြင်းထန်တတ်သည် ကို ရှီရန် သိရှိထားသည်။

"ဒါပေမဲ့ သွေးစွမ်းအင် သန်းသုံးဆယ်ရှိတဲ့ နတ်ဘုရားအဆင့် သတ္တဝါတစ်ကောင်က ကပ်ဘေး အဆင့် ညစ်ညမ်းဇုန်ထဲမှာ မနေဘဲ ဘာလို့

ပထမအဆင့် ညစ်ညမ်းဧရိယာထဲကို ရောက်လာတာလဲ။ သူက တခြားသူတွေနဲ့ မပြိုင်ချင်တာလား ဒါမှမဟုတ် ပြိုင်ပွဲမှာ ရှုံးနိမ့်ခဲ့တာလား"

"တကယ်လို့သာ သူက အစွမ်းအစ အပြည့်ရှိတဲ့ သန်းသုံးဆယ်တန် နတ်ဘုရားအဆင့် ဝိညာဉ်သလင်းသားရဲ သာ ဖြစ်နေမယ်ဆိုရင် ငါ လွတ်အောင် ပြေးနိုင်ဖို့ မလွယ်ဘူး"

"ဒါပေမဲ့ ငါ သူ့ကို ရှောင်တိမ်းနိုင်ခဲ့တယ်ဆိုတော့... ဖြစ်နိုင်တာက သူ အိုမင်းနေတာ ဒါမှမဟုတ် ဒဏ်ရာရထားလို့ ပထမအဆင့် ညစ်ညမ်းဧရိယာထဲကို ဆုတ်ခွာလာပြီး ပြန်လည်နာလန်ထူဖို့ ကြံစည်နေတာပဲ ဖြစ်ရမယ်"

"အဲဒီလို အိုမင်းနေတဲ့ ခွေးအိုကြီး ဒါမှမဟုတ် ဒဏ်ရာရစစ်သည်တစ်ယောက်ကို ငါ သတ်နိုင်ပါ့မလား"

ရှိရန်သည် အလေးအနက် စဉ်းစားနေမိသည်။

သူသည် ထူးဆန်းသော ဧရာမသစ်ပင်ကြီး၏ သစ်သားအနှစ်ကို လိုချင်နေသောကြောင့်ပင်။

ထိုသစ်သားအနှစ်၏ ရှားပါးမှုကြောင့် အဆင့်မြင့်နတ်ဘုရားတစ်ပါးကိုယ်တိုင် စောင့်ကြပ်

နေသည်ဆိုပါက ၎င်းက အလွန်ပင် တန်ဖိုးရှိလှပေလိမ့်မည်။

ဖြစ်နိုင်သည်မှာ ဤနေရာတစ်ခုတည်း၌သာ ရှိနေခြင်းပင်။

အကယ်၍ ထိုအဆင့်မြင့်နတ်ဘုရားကို မဖယ်ရှားနိုင်ပါက သူသည် သစ်ခုတ်သမားအလုပ်ကို ဆက်လက်လုပ်ကိုင်နိုင်တော့မည် မဟုတ်ပေ။

ရှိရန် အတွေးနက်နေမိသည်။

နောက်ဆုံးတွင်မူ... သေချာစွာ စဉ်းစားပြီးနောက် သူသည် ခေါင်းကို ခါယမ်းလိုက်သည်။

"ဒါက ကပ်ဘေးအဆင့် ညစ်ညမ်းဇုန်ရဲ့ အစပ်ကို ရောက်နေပြီ။ ငါ အန္တရာယ် အဖြစ်မခံနိုင်ဘူး။ သွေးဆာနေသော မသေနိုင်သည့်အရိုးကို အသုံးပြုရင် သူ့ကို သတ်နိုင်ကောင်း သတ်နိုင်လိမ့်

မယ်။ ဒါပေမဲ့ အဲဒါက ထိပ်တိုက်ရင်ဆိုင်ရမယ့် အသေအလဲတိုက်ပွဲ ဖြစ်သွားလိမ့်မယ်။ အဲဒီလို ပြင်းထန်တဲ့ တိုက်ပွဲအရှိန်အဟုန်က ပိုပြီး အစွမ်းထက်တဲ့ သတ္တဝါတွေကို ဆွဲဆောင်မိသွားနိုင်

တယ်။ တကယ်လို့များ အမြင့်ဆုံးနတ်ဘုရားအချို့သာ ဝိုင်းညှပ်ပြီး တိုက်ခိုက်လာမယ်ဆိုရင် ငါ သေမှာ သေချာတယ်"

ကိုယ်ယောင်ဖျောက်ခြင်းအတတ်နှင့် တံဆိပ်အဆင့်တက်ခြင်းတို့မှာသာ သူ၏ အစိတ်ချရဆုံးသော မဟာဗျူဟာများပင်။ မည်သို့ပင်ဆိုစေ

သူ၏ သွေးစွမ်းအင်မှာ ၁.၀၈ သန်းနှင့် ဝိညာဉ်အင်အား ၃ သိန်းခန့်သာ ရှိသေးသည်။

"ဟင်"

ရုတ်တရက် စိတ်ဝင်စားစရာကောင်းသော အတွေးတစ်ခုမှာ ရှီရန်၏ ရင်ထဲ၌ ပေါ်ပေါက်လာခဲ့သည်။

သူသည် လှည့်ကွက်တစ်ခုကို စဉ်းစားမိသွားခြင်းပင်။

သူသည် အဆင့်မြင့်နတ်ဘုရား၏ မျက်စိအောက်မှာတင် အေးအေးလူလူ သစ်ခုတ်သမားတစ်ယောက်အဖြစ် ဆက်လက်ရှိနေနိုင်မည့် နည်းလမ်းပင်။

ထိုအစီအစဉ်ကို တွေးမိသည်နှင့် ရှီရန်သည် အားရပါးရ မရယ်ဘဲ မနေနိုင်တော့ချေ။

"ကောင်းပြီ ကောင်းပြီ ကောင်းပြီ ဘာမှ အနှောင့်အယှက် မရှိဘူးဆိုရင်တော့ ဒီထူးဆန်း

တဲ့ ဧရာမသစ်ပင်ကြီးတစ်သောင်းလုံးက ငါ့အပိုင်ပဲ"

ရှီရန်၏ မျက်ဝန်းများမှာ အရောင်တောက်နေခဲ့သည်။ သူသည် ဤနည်းလမ်းကို ပိုမိုပြည့်စုံအောင် ပြုလုပ်ပြီးနောက် လက်တွေ့အကောင်အထည်ဖော်ရန် ဆုံးဖြတ်လိုက်တော့သည်။

***